ပန်းရွာကျေးရွာအုပ်စု၊ နတ်သားတောကျေးရွာ

ငါန်းဇွန်မြို့နယ်

Village Development Plan

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလှုပ်ငန်းစီမံကိန်း

(၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နတ်သားတောကျေးရွာ၊ ငါန်းဇွန်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	နတ်သားတောကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ငါန်းဇွန်မြို့နယ်	
	နတ်သားတောကျေးရွာ ကျေးရွာရာသီခွင်ပြ ပြကွဒိန်၊ ငါန်းဇွန်မြို့နယ်	
	နတ်သားတောကျေးရွာ ကျေးရွာအဖွဲ့အစည်းချိန်ဆက်မှုပြပုံ၊ ငါန်းဇွန်မြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီ ပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါ သည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

သြဂုတ်လ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နတ်သားတောကျေးရွာ
ငါန်းဇွန်မြို့နယ်

ပန်းရွာကျေးရွာအုပ်စု ၊နတ်သားတောကျေးရွာသယံဇာတပြမြေပုံ



ပန်းရွာကျေးရွာအုပ်စု ၊နတ်သားတောကျေးရွာ ရာသီခွင်ပြပြကွဒိန်

အကြောင်းအရာ	မြို့တော်ခန့်ရုံး	ဓမ္မကာဆုံရာ	မဟာနယူရာ	ဇူဠဥဿဝါဆို	ဗြဟ္မဝါခေါင်	စက်တင်ဘာတော်သင်းပင်	အောက်တိုဘာဘီဝင်းကျွတ်	နိုဝင်ဘာတန်ခေါင်းမုန်း	ဒီဇင်ဘာနတ်တော်	ဇန်နဝါရီပြာဒို	ဖေဖော်ဝါရီတပို့တဲ့	မတ်တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေး		နှမ်း၊ ပဲစဉ်းငုံ	ပြောင်း၊ မြေပဲ	နှမ်း		ကုလားပဲ	ကုလားပဲ		မြေပဲ	ပြောင်း	ပဲစဉ်းငုံ	ပဲစဉ်းငုံ
ပွဲတော်												
ကျန်းမာရေး	သင့်	သင့်	သင့်	သင့်	သင့်	ညှဉ့်	ညှဉ့်	သင့်	သင့်	သင့်	သင့်	သင့်
ဝင်ငွေ					ကောင်း				ကောင်း	ကောင်း		
သောက်ရေ ဖူလုံမှု	နည်း	နည်း	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
အစာရေစာ ဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း

ရည်ညွှန်းချက်

 နွေ

 မိုး

 ဆောင်း


 သင်္ကြန်ပွဲ

 ညောင်ရေသွန်းပွဲ

 ဘုရားပွဲ

 မီးထွန်းပွဲ

ပန်းရွာကျေးရွာအုပ်စု ၊နတ်သားကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

နတ်သားတောကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပြီး ငါန်းဇွန်မြို့၏အရှေ့တောင်ဘက် (၉)မိုင်ခန့်အကွာတွင်တည်ရှိပြီး အရှည်လောင်ဂျီတွဒ် (95°43'25.80"E)၊ မြောက်လက်တီတွဒ်(21°47'9.77"N)တွင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ နတ်သားတောကျေးရွာ၏ မြောက်ဘက်တွင် ပန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ အရှေ့မြောက်ဘက်တွင် စီထိန်းကျေးရွာ၊ အနောက်ဘက်တွင် အေးလှရိုးကျေးရွာနှင့် အရှေ့ဘက်တွင် စီကောင်းကျေးရွာတို့နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိပါသည်။ အိမ်ထောင်စုအားဖြင့်(၁၇၅)စုရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ငါန်းဇွန်မြို့ဖြစ်ပြီး ကျေးရွာကုန်စည် ဝန်ဆောင်မှုအချို့အတွက် ငါန်းဇွန်မြို့မစျေး၊တံတားဦးမြို့နယ်၊ မန္တလေးမြို့များသို့ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစွာဖြင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ငါန်းဇွန်မြို့နယ်နှင့် ဆက်သွယ်သောလမ်းမှာ မြေသားလမ်း၊ ကတ္တရာလမ်းဖြစ်ပြီး ဆိုင်ကယ်၊ ကားများဖြင့် သွားရောက်ကြသည်။ ကျေးရွာတွင်းလမ်း(၆၀၀၀)ပေနီးပါးမှာ မြေသားလမ်းဖြစ်ပါသည်။ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်းများရှိနေပြီး ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့် လုပ်ငန်းများခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ဖြစ်မည်မှာ အသေအချာပင် ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နတ်သားတောကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၂ ဒီဂရီ စင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃ဖ ဒီဂရီစင်တီဂရိတ် ရှိတတ်ပါသည်။ နတ်သားတောကျေးရွာတွင် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ စုစုပေါင်း(၅၀၀)ဧကရှိပြီး နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပြောင်းတို့ကို စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

နတ်သားတောကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော မိဘမေတ္တာလူမှုကူညီရေးအသင်း၊ နာရေးကူညီမှုအသင်းနှင့် ဘာသာရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ အသင်းအဖွဲ့(၂)ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ရေကော်မတီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ရှိပါသည်။ ကျေးရွာ၏သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများမှာ ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပြီး လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်း

ကျဆင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါက ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

နတ်သားတောကျေးရွာတွင် ပဲစင်းငုံ၊ မြေပဲ၊ ပြောင်းနှင့်နှမ်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးကောင်းလျှင် မြေပဲများအထွက်နှုန်းတိုးပြီး မိုးမကောင်းလျှင် မြေပဲအထွက်နှုန်း နည်းပါးပါသည်။

(ခ) မွေးမြူရေး

နတ်သားတောကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွားနှင့် ဆိတ်များ မွေးမြူကြပြီး သိုး၊ မြင်းနှင့် ဝက် အနည်းငယ်ကိုလည်း မွေးမြူကြပါသည်။ နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်း ချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် နတ်သားတောဆည်ရှိပြီး ငါးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

နတ်သားတောကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန် လယ်ယာ၊ သား၊ ငါး မဟုတ်သော ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကြောင်းပြုနိုင်သော ပညာများကိုလည်း တက်မြောက်ကြသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

နတ်သားတောကျေးရွာတွင် စီးပွားရေးကို အခြေခံသောအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မြစိမ်းရောင်(ငါးကဏ္ဍ)၊ စထာပနာအဖွဲ့များရှိပြီး ငွေကြေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။ စထာပနာ ငွေချေးအဖွဲ့မှာ (၁)ဦးလျှင်ငွေကျပ်(၃၀၀၀၀၀/- ၊ ၇၀၀၀၀၀/- မှစ၀၀၀၀၀/-)ထိ ချေးယူရရှိပြီး (၁)လတစ်ကြိမ်နှင့် (၁၀)လ ပြန်လည်ပေးဆပ်ကြရသည်။ စတာပနာအဖွဲ့၏ အတိုးနှုန်းများမှာ ၂ကျပ်၃၀ပြားဖြစ်ပြီး အချို့ငွေချေးအဖွဲ့များမှ ချေးငွေရရှိရန်အတွက် အိမ်ထောင်စုဇယား၊ မှတ်ပုံတင်၊ ပတ်စ်ပို့ပုံများ ပေးကြရသော်လည်း အချို့ငွေချေးအဖွဲ့မှာ အိမ်အခြေအနေနှင့် လုပ်ငန်းအခြေအနေကိုသာကြည့်၍ငွေချေးပေးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

နတ်သားတောကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး(၅၀)စီး ၊မော်တော်ဆိုင်ကယ် (၁၅၀)စီး၊ ကား(၁)စီး နှင့် နွားလှည်း(၁၀၀)စီးရှိပြီး သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုလျက် ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

နတ်သားတောကျေးရွာတွင် လျှပ်စစ်ဓါတ်အားလိုင်းရောက်ရှိ၍ လျှပ်စစ် မီးရယူသုံးစွဲလျက်ရှိပြီး မီးလင်းရန်ကျန်ရှိနေသော ရွာတောင်ဘက်ပိုင်းနှင့် တိုးချဲ့ကွက်သစ်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း၄၀၀ဗို့အားလိုင်း မီးကြိုးမီးတိုင်သွယ်တန်းခြင်း လုပ်ငန်း (မီးတိုင်-၁၆တိုင်၊ မီးကြိုး-၆၂၄၉ပေ)အား ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နတ်သားတောကျေးရွာတွင် တယ်လီဖုန်းများအားလုံး လိုင်းမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများ အသုံးပြုကြပါသည်။

၆။ ပညာရေး

နတ်သားတောကျေးရွာတွင် မူလတန်းကျောင်းသားအရွယ်များမှာ ကလေးအားလုံးကျောင်းတက်နိုင်ကြသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် မူလတန်းအထိသာ သင်ကြားနိုင်ကြသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို ဂျိုကျေးရွာအထက်တန်းကျောင်းသို့ သွားရောက် သင်ယူကြသည်။ ကျေးရွာအနေဖြင့် မူလတန်းအဆင့် ကျား/မ(၁၂၈)ဦး၊ အလယ်တန်းအဆင့်(၃၈)ဦး၊ အထက်တန်းအဆင့် ကျား/မ(၂၃)ဦး၊ တက္ကသိုလ်အဆင့် ကျား/မ (၃)ဦးရှိပါသည်။

အလယ်တန်းနှင့်အထက်တန်းပညာကို ငါန်းဇွန်မြို့ရှိအထက်တန်းကျောင်းများသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် အများအားဖြင့် စက်ဘီး၊ ဆိုင်ကယ်များဖြင့်လည်း ကျောင်းတက်ရောက်ကြပါသည်။

နတ်သားတောကျေးရွာတွင် ရေးတက်ဖတ်တက်(၁၁%)၊ မူလတန်းအဆင့်ရှိသူမှာ (၅၀)%၊ အလယ် တန်းအဆင့်ရှိသူ(၂၇)%၊ အထက်တန်းအဆင့်ရှိသူ (၇)%နှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ (၅)% ဖြစ်ပါသည်။ မူလတန်းအဆင့်မှာအများဆုံးဖြစ်ပါသည်။

နတ်သားတောကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ကျောင်းဆောင် (၁)ဆောင်ရှိပါသည်။ ကျောင်းဆရာ/ဆရာမ(၅)ဦးသာရှိပြီး သင်ထောက်ကူပစ္စည်းများမှာမူ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာမှာ သင့်တင့်ကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ဂျိုကျေးရွာအထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။

နတ်သားတောကျေးရွာစာသင်ကျောင်းသည် မူလကျောင်းဖြစ်ပြီး ကျောင်းဆရာ/ဆရာမ (၅)ယောက်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းနည်းပါးပြီး မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်လည်း မရှိပါ။ ကျောင်း၏လိုအပ်ချက်များကို မိဘဆရာအသင်းနှင့်စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

နတ်သားတောကျေးရွာတွင် ကျန်းမာရေးအတွက် (၁.၅)မိုင်ခန့်ဝေးသော ပန်းရွာကျေးရွာ ကျေးလက်ဆေးပေးခန်းဌာ ဆေးကုသကြပါသည်။ အရေးပေါ်ကျန်းမာရေး အခြေအနေပေါ် ပေါက်လာပါက (၉)မိုင်ခန့်ဝေးသော ငါန်းဖွန်မြို့ရှိ ဆေးခန်း/ဆေးရုံသို့သာ သွားရောက် ဆေးကုသကြပါသည်။

နတ်သားတောကျေးရွာတွင် သွေးလွန်တုတ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ နှင့် ယခုအချိန်တွင် အခြားကူးစက်နိုင်သော Omicron Covid-19ရောဂါများ အနည်းငယ် ဖြစ်ပွားသော်လည်း ရောဂါဖြင့် သေဆုံးမှုများမရှိကြပါ။ ကျေးရွာပြည်သူများသည် ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံဗဟုသုတများအနည်းငယ်သိရှိကြသည်။

နတ်သားတောကျေးရွာတွင် အဝီစိတွင်းစက်တပ်တွင်း(၃၅)တွင်း၊ လက်တူးတွင်း(၂)တွင်း၊ မြေသားရေကန်(၄)ကန်နှင့် ရွာ၏မြောက်ဘက်တွင် နတ်သားတောဆည်ရှိ၍ ရေတွင်းမရှိသောအိမ်များမှာ ရေတွင်းရှိသောအိမ်များနှင့်ပေါင်း၍ သုံးစွဲကြပြီး သောက်သုံးရေလုံလောက်မှု ရှိပါသည်။ အဝီစိတွင်းများမှာ ရေအရည်အသွေးစမ်းသပ်စစ်ဆေးချက်ရလာဒ်အရ ၄င်းရေသည် Chlorideများခြင်းမှအပ ရေအရည်အသွေး ကောင်းမွန်ခြင်းရှိပါသည်။

နတ်သားတောကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၁၄၀)စုနှင့် ရေဆွဲအိမ်သာအသုံးပြုသော အိမ်ထောင်စု(၃၅)စုရှိပါသည်။ အိမ်ထောင်စုတိုင်း ယင်လုံအိမ်သာများ အသုံးပြုကြပြီး ကျန်းမာရေးအသိပညာ လက်လှမ်းမီကြောင်း တွေ့ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

နတ်သားတောကျေးရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အမှိုက်များကို သတ်မှတ်ထားသည့် အမှိုက် ကျင်းနေရာတွင် သွားရောက်စွန့်ပစ်ကြပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

နတ်သားတောကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုရှိသော်လည်း နည်းပါးပါသည်။ ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများတိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ အသိအမြင်အနည်းငယ်ရှိသော်လည်း လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

နတ်သားတောကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းရှိ၍ ဘာသာရေးကို ယုံကြည်ကိုးကွယ်ကြသူများပြားပြီး ကုသိုလ်ကောင်းမှုများကိုလည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆောင်ရွက်ကြသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် ပန်းရွာ			ကျေးရွာအမည် ဆေးခင်း
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	လျှပ်စစ်	လျှပ်စစ်	ကျေးရွာမီးလင်းရေးလုပ်ငန်း၊
၂	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊
၃	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာချင်းဆက်လမ်းခင်းပေးနိုင်ရန်၊
၄	အခြေခံအဆောက်အဦး	ကျေးလက်ရေပေးရေး	မြေသားရေကန်တူးဖော်နိုင်ရန်၊
၅	လျှပ်စစ်	လျှပ်စစ်	ထပ်တိုးကျေးရွာမီးလင်းရေးလုပ်ငန်း၊
၆	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊

ပန်းရွာကျေးရွာအုပ်စု၊ ဆေးခန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ဝင်း	ဦးစံပေါ	၅/ငဇန (နိုင်) ဝ၂၉၅၄၆	၆၇	ဥက္ကဋ္ဌ	ဝ၉-၇၇၇၁၁၈၈၀၀
၂	ဦးလှိုင်ဘွား	ဦးဘိုကြည်	၉/ ငဇန(နိုင်) ဝ၇၄၉၀၂	၄၃	အတွင်းရေးမှူး	ဝ၉-၇၈၇၅၄၂၄၂၂
၃	ဦအောင်ခိုင်ဝင်း	ဦးဝင်းမောင်	၉/ ငဇန(နိုင်) ဝ၇၄၁၅၂	၄၁	ဝယ်ယူရေးဆပ်ကော်မတီဥက္ကဋ္ဌ	ဝ၉-၇၉၇၇၄၃၆၈၀
၄	ဒေါ်ဇာပို	ဦးကျော်လွင်	၉/ ငဇန(နိုင်) ၁၃၄၈၁၃	၂၈	ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ	ဝ၉-၇၉၇၉၆၉၃၀၃
၅	ဒေါ်တင်မာဆွေ	ဦးတင်	၉/ငဇန(နိုင်) ၁၁၁၉၁၈	၄၇	ဘဏ္ဍာရေးမှူး	ဝ၉-၇၉၄၃၁၀၇၉၀
၆	ဦးဝင်းမြင့်	ဦးကြင်	၉/ငဇန(နိုင်) ဝ၂၉၆၃၃	၅၆	စာရင်းကိုင်	ဝ၉-၇၉၃၈၆၂၇၆၆
၇	ဒေါ်ညိုမြ	ဦးတင်ရွှေ	၉/ငဇန(နိုင်) ၁၁၁၆၉၆	၃၁	စာရင်းကိုင်	ဝ၉-၇၉၂၃၇၁၀၉၆
၈	ဒေါ်ဇင်မာနွယ်	ဦးကျော်တင့်	၉/ ငဇန(နိုင်) ဝ၉၇၉၁၁	၃၄	အဖွဲ့ဝင်	ဝ၉-၇၇၅၅၄၁၀၈၃
၉	ဦးမြင့်သူ	ဦးကံလင်း	၅/ငဇန(နိုင်) ဝ၂၉၈၀၀	၄၅	အဖွဲ့ဝင်	ဝ၉-၇၉၇၈၂၁၅၀၈
၁၀	ဦးကျော်စွာမိုး	ဦးညွန့်နိုင်	၉/ငဇန(နိုင်) ၁၃၁၆၅၉	၂၈	အဖွဲ့ဝင်	ဝ၉-၄၅၈၈၈၁၁၅၇
၁၁	ဒေါ်ယုဆွေ	ဦးညွန့်တင်	၉/ငဇန(နိုင်) ၁၁၀၂၁၅	၃၈	အဖွဲ့ဝင်	ဝ၉-

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
အခြေခံအဆောက်အဦး					
– ရွာလုံးကျွတ်မီး မ လင်းနိုင်သေးခြင်း၊	– ကျေးရွာတောင်ပိုင်း မီးလင်းရန် ကျန်ရှိ ခြင်း၊	– ကျေးရွာအလှူငွေများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိ သောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– မီးလင်းရေး၊
– မိုးရာသီတွင် သွား လာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ် ခြင်း၊ – မိုးရာသီတွင် ရေအိုင် နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံ ရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင် ခြင်း၊	– ကျေးရွာမှ ရရှိ သော အလှူငွေ နှင့်မလုံလောက် ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းမျ ားကွန်ကရစ်လမ်း ခင်းခြင်း၊
– ရွာလုံးကျွတ်မီး မ လင်းနိုင်သေးခြင်း၊	– ကျေးရွာတောင်ပိုင်း မီးလင်းရန် ကျန်ရှိ ခြင်း၊	– ကျေးရွာအလှူငွေများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိ သောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ထပ်တိုးမီးလင်းရေး၊

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
– သောက်သုံးရေပိုမို ဖူလုံစေလိုခြင်း၊	– မူလရှိရင်းမြေသားေ ေကာန်အား နုန်းများ ဆယ်ယူပြီး ထပ်မံ တိုးချဲ့လိုခြင်း၊	– မြေနေရာရရှိနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေ နှင့်မလုံလောက် ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊	– မြေသားရေကန် တူးဖော်ခြင်း၊
– မိုးရာသီတွင် သွား လာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ် ခြင်း၊ – မိုးရာသီတွင် ရေအိုင် နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံ ရှိနေ ခြင်း၊ –ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင် ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေ နှင့်မလုံလောက် ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းမျ ားကွန်ကရစ်လမ်း ခင်းခြင်း၊
– မိုးရာသီတွင် သွား လာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ် ခြင်း၊ – မိုးရာသီတွင် ရေအိုင် နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံ ရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင် ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေ နှင့်မလုံလောက် ခြင်း၊ – နည်းပညာ အ ခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက် ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိ အောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းမျ ားကွန်ကရစ်လမ်း ခင်းခြင်း၊
ပညာရေး					
–	–	–	–	–	–
ကျန်းမာရေး					
–	–	–	–	–	–

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
လူမှုဖွံ့ဖြိုးရေး					
–	–	–	–	–	–
သွင်းအားစုနှင့် ချေးငွေဝန်ဆောင်မှု လုပ်ငန်း					
–	–	–	–	–	–
စိုက်ပျိုးရေး					
–	–	–	–	–	–
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး					
–	–	–	–	–	–

ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ပန်းရွာ
ကျေးရွာအုပ်စု	- နတ်သားတော
မြို့နယ်	- ငါန်းဇွန်
တိုင်းဒေသကြီး / ပြည်နယ်	- မန္တလေးတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာမီးလင်းရေးလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျန်ရှိနေသည့် ကျေးရွာတောင်ဘက်ပိုင်းနှင့် တိုးချဲ့ကွက်သစ်မီးမလင်းနိုင်သေးခြင်း

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)

- ရွာလုံးကျွတ်မီးရရှိလိုခြင်း၊

မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)

- လျှပ်စစ်မီးရရှိပါက ကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း၊

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)

မီးလင်းရေး

မီးတိုင်-(၁၆)တိုင်၊ မီးကြိုး-(၆၂၄၉)ပေ

ကုန်ကျစရိတ်ထည့်ဝင်မှု - ၄၂၃၀၀၀/-

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၅၀၀၀၀၀၀ - (ငွေသား) • ၄၂၃၀၀၀ - (ငွေသား) • - (လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၄၂	၅၀၆	၉၄၈	၅	၆၇	၅၈	၄၅	၁၇၅
အကျိုးခံစားမည့် ဦးရေ	၄၄၂	၅၀၆	၉၄၈	၅	၆၇	၅၈	၄၅	၁၇၅
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- နတ်သားတောကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ၂၀၂၃ ခုနှစ်

(၃) စီမံချက် ပြီးစီးမည့်အချိန် – ၂၀၂၃ခုနှစ်

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

- ကျေးရွာသူ/သားများအားလုံး ငွေအားတက်နိုင်သလိုထည့်ဝင်ရန် ရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ပြီးဖြစ်ပါသည်။
- ကျေးရွာပြင်ပ ခင်မင်ရင်းနှီးသော မိတ်ဆွေများထံ အလှူခံသွားပါမည်။
-

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် မီးကြိုးမီးတိုင်သွယ်တန်းခြင်း ဆောင်ရွက်ပြီးပါက ရန်ပုံငွေကောက်ခံရန်ကျေးရွာလုံးကျွတ် စည်းဝေးတိုင်ပင်သွားပါမည်။
- လက်ရှိမီးကော်မတီမှ အလှူငွေများဆက်လက်စုဆောင်းကာ နှစ်စဉ်အသေးစားပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်သွားပါမည်။

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်နေပုံ



